# မုတ္တမပင်လယ်ကွေ့စာစောင်

မုတ္တမပင်လယ်ကွေ့စီမံချက်
GULF OF MOTTAMA PROJECT

မုတ္တမအရင်းအမြစ်ရေရှည်တည်တံ့ဖို့ စုပေါင်းစီမံခန့်ခွဲစို့
Co-Management is the Way to Sustain the Gulf of Mottama Natural Resrouces

*အတွဲ(၁) အမှတ်စဉ် (၁၅) ၄၊ မတ်လ၊ ၂၀၂၂*


## မာတိကာ


အခြေခံငါးရှဉ့်မွေးမြူရေးသင်တန်းမှသည် ကျေးလက်နေပြည်သူတို့၏ဝင်ငွေ မြင့်မားလာရေး........................................ ၁-၆

လှည့်ပတ်ရန်ပုံငွေမှတဆင့် ချေးငွေရရှိပြီး လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်သူတစ်ဦး............................... ၇

သောက်ရေသန့်အခက်အခဲဖြစ်သည့် ကျေးရွာများတွင် ရေသန့်စင်စက်ရုံများ တည်ဆောက်ပေးခြင်း........................ ၈



**Editor**

*Min Nyan Seik, Knowledge Management and Communication Officer*

**Layout Design**

*Aar Kar Kyaw Tun, Knowledge Management and Communication Assistant*

**Contributors**

*GoM Project Technical Officers, Partners and Academia*

**No. of Copies**

*500 Copies*

**Contact Address**

*PCIU Office: No. 29, Myo Shaung Rd, Taung Shan Su Ward, Mawlamyine, Mon State*

*Email: clcmgomp@helvetas.org*
*Fb: www.facebook.com/GoMP/*


# အခြေခံငါးရှဉ့်မွေးမြူရေးသင်တန်းမှသည် ကျေးလက်ပြည်သူတို့၏ ဝင်ငွေမြင့်မားလာရေး



ပဲခူးနှင့်မွန်ပြည်နယ်ကျေးရွာအချို့ရှိ စိတ်ပါဝင်စားသူများ၏ တောင်းဆိုမှုများပေါ် အခြေခံကာ စီမံကိန်းရေလုပ်ငန်းအရာရှိမှ ဦးဆောင်ချိတ်ဆက်မှုဖြင့် အခြေခံသိသင့်သိထိုက်သည့် ငါးရှဉ့်မွေးမြူရေးသင်တန်းအား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၈) နှင့်(၉)ရက်များတွင် ငါးလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဆရာဦးစန်းအောင်မှ အွန်လိုင်း(Online)စနစ်ဖြင့် သင်ကြားပို့ချသွားပါသည်။ စာရေးသူအနေဖြင့် အဆိုပါသင်တန်းအား တက်ရောက်နိုင်ခဲ့ခြင်း မရှိသော်လည်း ပို့ချလိုက်သော အခြေခံအချက်များအား နည်းပညာဆိုင်ရာဆောင်းပါးအဖြစ် ပြန်လည်ရေးသားပြီး အခြားသောသင်တန်းမတက်လိုက်ရသည့် စီမံကိန်းကျေးရွာများရှိ ကျေးရွာလူထုများပါ လေ့လာနိုင်ရန်အတွက် မျှဝေသွားမည်ဖြစ်သည်ကို ဆရာဦးစန်းအောင်အား ခွင့်ပြုချက် တောင်းခံခဲ့ပါသည်။

သို့ပါ၍ ဆရာဦးစန်းအောင်၏ သင်ကြားပို့ချမှုများနှင့်အတူ စာရေးသူလေ့လာသိရှိထားသော ငါးရှဉ့်မွေးမြူရေးအကြောင်းအရာအချို့ကိုပါ ကျေးရွာလူထုနှင့် စိတ်ပါဝင်စားသူများ လေ့လာသိရှိနိုင်ရန်အတွက် ရေးသားဖော်ပြလိုက်ရပါသည်။

ငါးရှဉ့်မွေးမြူထုတ်လုပ်မှုကို အာရှနိုင်ငံတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ၁၈၇၉ ခုနှစ်တွင် အစပျိုးလုပ်ဆောင်ခဲ့ပြီး အလားတူ ၁၉၆၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံနှင့် ၁၉၇၅ ခုနှစ်တွင် တရုတ်နိုင်ငံတို့တွင် စတင်မွေးမြူလာကြပါသည်။ အဆိုပါအချိန်များက အများဆုံးမွေးမြူထုတ်လုပ်သည့်နိုင်ငံမှာ (Major Producers) တရုတ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်မူ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၊ ၂၅ နှစ်ခန့်ကတည်းက သဘာဝမှ ဖမ်းဆီးရရှိသည့် ငါးရှဉ့်များကို အခြားနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံသို့

တင်ပို့ရောင်းချလာခဲ့ပါသည်။ ထိုကဲ့သို့ သဘာဝမှ တောက်လျှောက်ဖမ်းဆီးထုတ်လုပ်လာ ခြင်းသည် ငါးရှဉ့်အရေအတွက်ကို သိသိသာသာ လျှော့နည်း သွားခြင်းမရှိသော်လည်း အရည်အသွေးပိုင်းမှာမူ တဖြည်း ဖြည်း ကျဆင်းလာပါသည်။ ၂၀၁၄ ခုနှစ်မြန်မာတိုင်း(မ်)သတင်းဂျာနယ်မှ ငါးရှဉ့်ဒိုင်ကြီးများအား မေးမြန်းမှုအရ *“ဖမ်းဆီးသူများ ပိုမိုများပြားလာပြီး အကောင်ကြီးရရှိမှု နည်းပါးလာခြင်း၊ အလတ်နှင့်အသေးဆိုဒ်များသာရရှိလာပြီး ယခင်က တပတ်ခန့်လှောင်ထားလျှင်ပင် ကိစ္စမရှိသော်လည်း နောက်ပိုင်းတွင် အသေအပျောက် များပြားလာခြင်းတို့သည် အရည်အသွေး ကျဆင်းလာခြင်းပင် ဖြစ်သည်ဟု”* ဖြေကြားခဲ့ ဘူးသည်ကို မှတ်သားခဲ့ဘူးပါသည်။

ငါးရှဉ့်သာမက အခြားရေသတ္တဝါများကိုလည်း သဘာဝနည်းများဖြင့် မဟုတ်ဘဲ ဓါတုပစ္စည်းများ၊ တရားမဝင်ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးလာခြင်းသည်လည်း အရေအတွက်နှင့် အရည်အသွေးကို များစွာထိခိုက်စေလာနိုင်ပါသည်။ ငါးရှဉ့်သည်လည်း ရေသယံဇာတတစ်မျိုး ဖြစ်သည့်အတွက် သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုကို ကန့်သတ်ရန်လည်း အသေးစားရေလုပ်သားများအတွက် အခက်အခဲများရှိနေပါသည်။ သို့ပါ၍ ရေရှည်အတွက် မွေးမြူထုတ်လုပ်သည့်စနစ်ကို တွင်ကျယ်စွာ ပြောင်းလဲကျင့်သုံးသွားသင့်ပါသည်။ မြန်မာနိုင်ငံတွင် ငါးရှဉ့်သားပေါက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း နည်းပညာများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှု အားနည်းနေပါသေးသည်။ ဗီယက်နမ်နိုင်ငံနှင့် အခြားသောအိမ်နီးချင်း နိုင်ငံများတွင်မူ အိမ်ရှင်မများကိုယ်တိုင် တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် မွေးမြူ နေကြပြီဖြစ်ပါသည်။ ငါးရှဉ့်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျှောက် တွေ့ရှိရသည်ဖြစ်၍ သားဖေါက်ခြင်း၊ မွေးမြူခြင်းနည်းပညာများအား ကျေးလက်ဒေသနေလူထုထံ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးပေးနိုင်ပါက ကိုယ်တိုင်သော်လည်းကောင်း၊ စုဖွဲ့၍သော်လည်းကောင်း လုပ်ကိုင်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်မည်ဖြစ်သလို ဒေသခံများအတွက်လည်း အလုပ်အကိုင်ရရှိလာနိုင်ပြီး ဝင်ငွေရရှိလာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ အခြားသောနိုင်ငံများသို့ တင်ပို့လျှက်ရှိသည့် အဓိကရေထွက်ကုန်ပစ္စည်းများတွင် ငါးရှဉ့်သည် နံပါတ်(၆)နေရာတွင်ရပ်တည်လျှက်ရှိသည်ကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါသည်။

၁) ငါးမြစ်ချင်း — ၆) *ငါးရှဉ့်*
၂) ကဏန်း — ၇) ကဏန်းအရေပျော့
၃) ငါးပေါင်းမှုန့် — ၈) မီးနီပုစွန်
၄) ငါးတံခွန် — ၉) ပြည်ကြီးငါး/ကင်းမွန်
၅) ငါးသလောက် — ၁၀) ကျားပုစွန်

အလားတူ ၂၀၁၉ နှစ်ကုန်ပိုင်းနှင့် နောက်ပိုင်းကာလများတွင် Covid-19 ကူးစက်ရောဂါများကြောင့် ကုန်သွယ်မှုလမ်းကြောင်း အခက်အခဲများ ရှိခဲ့သော်ငြား ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နိုင်ငံခြားသို့ ငါးရှဉ့်ပို့ကုန် နှစ်အလိုက် အခြေအနေကို အောက်ပါအတိုင်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

**ငါးရှဉ့်မျိုးစိတ်များကိုလေ့လာခြင်း**

၂၀၀၉ ခုနှစ်မတိုင်မီက ကမ္ဘာ့ရေချိုငါးရှဉ့်မျိုးစိတ်(၁၆)မျိုး တွေ့ရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် သိပ္ပံပညာရှင်များက

| စဉ် | နှစ် | မက်ထရစ်တန် | တန်ဘိုး(အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| ၁ | ၂၀၀၉-၂၀၁၀ | ၈၈၄၉.၆၉ | ၂၀.၇၅၈ |
| ၂ | ၂၀၁၀-၂၀၁၁ | ၇၉၄၉.၂၈ | ၂၃.၄၈၃ |
| ၃ | ၂၀၁၁-၂၀၁၂ | ၁၀၇၃၆.၉၈ | ၄၀.၀၉၁ |
| ၄ | ၂၀၁၂-၂၀၁၃ | ၁၀၉၃၃.၈၇ | ၄၈.၀၉၁ |
| ၅ | ၂၀၁၃-၂၀၁၄ | ၁၂၆၃၁.၀၉ | ၅၂.၂၀၂ |
| ၆ | ၂၀၁၄-၂၀၁၅ | ၇၄၉၆.၇၆ | ၂၆.၁၀၃ |
| ၇ | ၂၀၁၅-၂၀၁၆ | ၇၂၂၂.၇၇ | ၂၄.၉၈၆ |
| ၈ | ၂၀၁၆-၂၀၁၇ | ၈၆၅၀.၇၃ | ၂၈.၆၀၂ |
| ၉ | ၂၀၁၇-၂၀၁၈ | ၈၆၆၁.၅၈ | ၃၁.၀၂၂ |

မျိုးသစ်(၁)မျိုး၊ မျိုးကွဲ(၂)မျိုး ထပ်မံဖေါ်ထုတ်တွေ့ရှိခဲ့သဖြင့် ရေချိုမျိုးစိတ်(၁၉)မျိုး ထိရှိလာခဲ့ပါသည်။

- **မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော မျိုးစိတ်များ**

ငါးရှဉ့်နီ ( *Monopterus albus* )နှင့် ငါးရှဉ့်ညို/ ငါးရှဉ့်မဲ (*Mo-nopterus cuchia*)တို့ဖြစ်ကြပြီး မွေးမြူထုတ်လုပ်သော အမျိုးအစားမှာ ငါးရှဉ့်နီဖြစ်ပါသည်။

- **ငါးရှဉ့်တို့၏ သဘာဝနှင့်ဓလေ့**

သားပေါက်ထုတ်လုပ်သူဖြစ်စေ၊ မွေးမြူသူဖြစ်စေ




အောက်ဖေါ်ပြပါ အခြေခံငါးရှဉ့်တို့၏ သဘောသဘာဝများအား လေ့လာထားသင့်ပါသည်။

ငါးရှဉ့်သည် အကြေးခွံမဲ့ရေသတ္တဝါ အမျိုးအစား ဖြစ်

ပြီး ကိုယ်ခန္ဓာမှာ ချောမွေ့နေပါသည်။ ခန္ဓာကိုယ်တစ်လျှောက် အကြိအချွဲများ(Mucous)များ ဖုံးလွှမ်းနေပြီး လေရှုနှုန်းနည်းပါးသော သတ္တဝါမျိုးဖြစ်ပါသည်။ အမှောင်ကို ကြိုက်နှစ်သက်ပြီး ရေတိမ်ပိုင်းနှင့် ကျောက်ဆောင်များ၊ သဲ၊ ရွှံ့၊ နုန်းမြေများတွင် တွင်းတူး၍ခိုအောင်းနေထိုင်ကြပါသည်။ ရံဖန်ရံခါ တစ်ကောင်ထက်ပိုမို၍ တွင်းများ(ငါးရှဉ့်တွင်း)တွင် တွေ့မြင်နိုင်ပါသည်။ တစ်နှစ်သားအရွယ် ငါးရှဉ့်သည် ပျှမ်းမျှအားဖြင့်အလျား (၉)လက်မခန့်ရှိပါသည်။ ခန္ဓာကိုယ်တွင် ကျောဖက်ရေယက်၊ အောက်ဖက်ရေယက်၊ အမြီးရေယက် တို့သည် တဆက်တည်းရှိကြပါသည်။ မျိုးပွားနိုင်သောငါးရှဉ့် ပျှမ်းမျှအရွယ်အစားမှာ အမ(၁၂)လက်မ၊ အထီး(၂၀)လက်မတို့ ဖြစ်ပါသည်။ငါးရှဉ့်တွင် အထီးသည် အမထက်အရွယ်အစား ကြီးမားလေ့ရှိကြသည်။

- ♦ **သဘာဝအလျှောက်သားပေါက်ခြင်း**

မျိုးပွားရာသီမှာ မတ်လမှစက်တင်ဘာလအထိ ဖြစ်ပြီး တနှစ်ပတ်လုံး ဥချနိုင်ပါသည်။ မိတ်လိုက်ရာသီ အမြင့်ဆုံးမှာ မေလမှ ဇွန်လဖြစ်ပြီး အနိမ့်ဆုံးလမှာ ဒီဇင်ဘာလမှ ဇန်နဝါရီလ ဖြစ်သည်။ အထီးများသည် အမများဥချနိုင်ရန် ရေမြှုပ်အသိုက်များကို တည်ဆောက်ကြပြီး (၂)မှ(၃)ရက်အကြာတွင် အမများက ၎င်းအသိုက်တွင်ဥချပြီး အဆိုပါဥများမှာ ရေမြှုပ်အသိုက်တွင် တွယ်ကပ်နေကြပါသည်။ အသိုက်တစ်ခုတွင် ဥပေါင်း (၅၀၀)မှ (၁၀၀၀)ထိ ဥချနိုင်လေ့ရှိပါသည်။ ရေအပူချိန် (၂၅)မှ(၃၀) ဒီဂရီစင်တီဂရိတ်တွင် သားပေါက်နိုင်ကြပါသည်။

- **ငါးရှဉ့်မွေးမြူရေးဆိုင်ရာ အခြေခံသိကောင်းစရာများ။**

သာမန်အားဖြင့် အသေးစား(သို့) တနိုင်တပိုင် ငါးရှဉ့်မွေးမြူထုတ်လုပ်မှုသည် အခြားသောရေသတ္တဝါ မွေးမြူရေးလုပ်ငန်းများထက် မွေးမြူမြေဧရိယာများစွာမလိုခြင်း၊ အဆင့်မြင့် သိပ္ပံနည်းကျ ဖော်စပ်ထားသောအစာများထက် ဒေသထွက်ကုန်ကြမ်းများဖြင့် အစာဖော်စပ်ကျွေးမွေးနိုင်ခြင်း၊ ငါးရှဉ့်ဖမ်းဆီးသူများ(သို့) ငါးရှဉ့်ဒိုင်များမှ မွေးမြူရန်အတွက် လွယ်ကူစွာ ဝယ်ယူနိုင်ခြင်း အစရှိသည်တို့ကြောင့် မတည်ကုန်ကျစရိတ်နည်းနည်းဖြင့် အကျိုးအမြတ်ရရှိနိုင်သော လုပ်ငန်းတစ်ခု ဖြစ်နေပေသည်။ ဥရောပ၊ အမေရိကတို့တွင် မွေးမြူထုတ်လုပ်မှုများ ရှိသော်လည်း တရုတ်၊ ထိုင်ဝမ်၊ ဂျပန်နိုင်ငံတို့သည် ငါးရှဉ့် မွေးမြူထုတ်လုပ်မှု အများဆုံးနိုင်ငံများ အဖြစ်ရပ်တည်လျှက် ရှိပေသည်။ အကြောင်းမှာ ငါးရှဉ့်သည် ကောင်းမွန်သည့်အရသာနှင့်အတူ(protein) အသားဓာတ် ပါဝင်သဖြင့် နိုင်ငံအနှံ့အပြားတွင် ရေးပန်းစားသော ရေသတ္တ ဝါတစ်မျိုးအဖြစ် လက်ခံထားကြ၍ ဖြစ်ပေသည်။

- **မြေနေရာရွေးချယ်ခြင်းနှင့် ရေအမျိုးအစားများ**

ရေချိုအလုံအလောက်နှင့် လွယ်ကူစွာရရှိနိုင်သော နေရာဖြစ်ရမည်ဖြစ်ပြီး နေအိမ်နှင့်နီးကပ်လျှင် ပိုမိုကောင်းမွန်ပါသည်။ မြေကြီးသည် ရွှံ့စေးမြေအမျိုးအစားဖြစ်ကာ ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ရန်လိုအပ်ပြီး လျှပ်စစ်မီးရရှိပါက အကောင်းဆုံးဖြစ်ပါသည်။ မြစ်ရေ၊ ချောင်းရေ၊ တွင်းရေ၊ အဝီစိရေတို့တွင် မွေးမြူနိုင်ပါသည်။ ရေချိုမျိုးစိတ်ဖြစ်သည့်အတွက် ရေငံတွင်မွေးမြူ၍မရပါ။ ရေ၏အရည်အသွေးများဖြစ်ကြသည့် ချဉ်ဖန်နှုန်း၊ ရေအပူချိန်၊ ပျော်ဝင်အောက်ဆီဂျင် အစရှိသည်တို့ကို မွေးမြူကာလတစ်လျှောက် စစ်ဆေးပေးနိုင်လျှင်တော့ အကောင်းဆုံးဖြစ်ပါသည်။

- **ငါးရှဉ့်မွေးကန်များတည်ဆောက်ခြင်း၊**

ငါးရှဉ့်သည် တွင်းဖောက်နိုင်သည့် သတ္တဝါဖြစ်သည့်အတွက်ကန်အောက်ခြေနှင့် ဘေးပတ်ပတ်လည်ကို ငါးရှဉ့် မထွက်စေရန် ဆောင်ရွက်ရမည်။ အုတ်ကန်၊ မြေကြီးကန် အတွင်း တာပေါ်လင်ခင်း၍သော်လည်းကောင်း မြေပေါ်ကန် အဖြစ်ဝါး၊ သစ်သားတို့ဖြင့် ကန်ပြုလုပ်၍ အတွင်းတွင် တာပေါ်လင်ခင်း၍ သော်လည်းကောင်းမွေးမြူနိုင်ပါသည်၊

- ♦ **မြေသားကန်တွင် တာပေါ်လင်ဖြင့် ပြုလုပ်ခြင်း။**

တွင်းဖေါက်တတ်သော သတ္တဝါဖြစ်သည့်အတွက် မြေသားကန်သီးသန့် မွေးမြူ၍မရနိုင်ပါ။ မြေသားကန်အတွင်း တာပေါ်လင်ခင်း၍သာ မွေးမြူနိုင်ပြီး နေရာသည် အမြင့်ပိုင်းဖြစ်ပါက ကန်အနက်ကို (၃) ပေအထိ တူးဖေါ်ထားသော မြေကန်ကို အသုံးပြုဆောင်ရွက်နိုင်ပါသည်။

- ♦ **မြေပေါ်တွင် ခြံခတ်ပြီး တာပေါ်လင်ကန်ပြုလုပ်ခြင်း။**

နေရာသည်အနိမ့်ပိုင်းဖြစ်ပါက ငါးရှဉ့်ကန်ကို မြေပေါ်ကန်(တည်ကန်)အဖြစ် ဆောင်ရွက်နိုင်ပါသည်။

- **ကန်အရွယ်အစားများ**
  - ♦ အလျား(၆)ပေ၊ အနံ(၃)ပေ၊ အနက်(၃) ပေ



  - ♦ အလျား(၁၀)ပေ၊ အနံ(၅)ပေ၊ အနက်(၃)ပေ
  - ♦ အလျား(၂၀)၊ အနံ (၁၀)ပေ၊ အနက်(၃) ပေ

စသည့်ကန်အရွယ်များဖြင့် မွေးမြူနိုင်ပါသည်။ မြေအကျယ်

နှင့် ကန်တည်ဆောက်စရိတ်ကို တွက်ချက်ပြီး လိုအပ်သလို လုပ်ကိုင် နိုင်ပါသည်။

- **ရေထုတ်ပိုက်တပ်ဆင်ခြင်း၊**

ငါးရှဥ့်မွေးမြူရေးကန်များတွင် ရေလဲလှယ်ခြင်းစနစ်ကို မကြာခဏပြုလုပ်ပေးရသဖြင့် တာပေါ်လင်ဖြင့် ပြုလုပ်ထားသော ကန်ပုံစံတွင် ရေထုတ်ပွန်ကို တပ်ဆင်ရပါမည်။ ကန်အရွယ်အစားပေါ်မူတည်ပြီး လက်မဝက်၊ တစ်လက်မ၊ နှစ်လက်မ စသည့်အတွင်းရစ်နှင့် အပြင်ရစ်ပါ ပီဗီစီဆော့ကတ်များ အသုံးပြုရန် လိုအပ်ပါသည်။ အဖွင့်အပိတ်ပါ ရေဘားတစ်ခုလည်း လိုအပ်မည်ဖြစ်သည်။

- တပ်ဆင်ခြင်းပုံစံများ
- ကန်အတွင်းမွေးမြူရေးအလွှာပုံပြုလုပ်ခြင်း။
- မွေးမြူရေးအလွှာပြုလုပ်ပုံများ၊

၁) အပေါက်ဖောက်မည့် တာ ပေါ်လင်ပေါ်တွင် အတွင်းအရစ်ပါ သော ပီဗီစီဆော့ကက်ကို ခဲတံဖြင့် ဝိုင်းပြီး အမှတ်အသားပြုလုပ်ပါ။





၂) ခဲတံဖြင့် မှတ်ထားသော အဝိုင်းပေါက်ကို ကတ်ကျေး၊ ဓါးတို့ဖြင့် ဖြတ်ထုတ်ပြီး အတွင်းရစ်ပါ ဆော့ကက်ကိုတပ်ဆင်ပါ။





၃) ထို့နောက် အပြင်ရစ်ပါသော ဆော့ ကက်အား တာပေါ်လင်ကန်၏ အခြား တဖက်တွင် ပုံပါ အတိုင်း တပ်ဆင်ရပါမည်။
၄) ထိုသို့တပ်ဆင်ရာတွင် ရေစိမ့်မထွက်စေရန်အတွက် ဝါရှာကွင်းထည့်သွင်းတပ်ဆင်ရပါမည်။



၅) ငါးရှဥ့်ကန်အတွင်းမှ ရေကို ထုတ်နိုင်ရန်အတွက် ပီဗီစီပိုက်ကို ဆော့ကက်၊ ရေဘားတို့ဖြင့် ဆက်သွယ်ပေးရပါမည်။



၁) ကန်အောက်ခြေတွင် ရွှံ့စေး (၄)လက်မ (သို့) (၆)လက်မ ခင်းပါ။
၂) ရွှံ့စေးပေါ်မှ ကောက်ရိုးတစ်ပါတ်နွမ်း ကို (၄)လက်မ (သို့) (၆)လက်မ ထပ်ခင်း ပါ။
၃) ကောက်ရိုးအပေါ်မှ ငှက်ပျောတုံးကို စင်းပြီး (၄)လက်မ (သို) (၆)လက်မ ထပ် ခင်းပါ။
၄) ငှက်ပျောတုံးအပေါ်မှ နွားချေးဆွေး (သို့) ကောက်ရိုးမြေဆွေး (သို့) မြေဆွေး ကိုထပ်ခင်းပါ
၅) အပေါ်ဆုံးအလွှာတွင် ရွှံ့စေး (၄)လက်မ (သို့) (၆)လက်မထပ်ခင်းပါ




- ငါးရှဥ့်မွေးမြူနိုင်ရန်ပြင်ဆင်ခြင်း၊







မွေးမြူရေးအလွှာစုံပြုလုပ်ပြီးလျှင် ရေကိုမြုပ်သည်အထိဖြည့်ပါ။ ၃-၄ ရက်ကြာ၍ရေပုပ်လာပါက ထိုပုပ်နေသောရေကို ကုန်စင်အောင်ထုတ်ပြီး ရေပြန်ဖြည့်ပါ။ အဆိုပါအတိုင်း ၄-၅ ကြိမ်ခန့်ပြုလုပ်ပေးပါ။ထို့နောက် ကန်အတွင်းမှရေကိုခပ်ယူပြီး ငါးရှဥ့်အကောင်အသေးတစ်ကောင် ထည့်ကြည့်ပါ၊ သေဆုံးမှုမရှိပါက အကောင်သေးများစတင်ထည့်သွင်းမွေးမြူနိုင်ပြီဖြစ်ပါသည်။

တာပေါ်လင်ခင်းမြေသားကန်များအားတွေ့ရစဉ်။

- **ငါးရှဥ့်သားပေါက်စုဆောင်းခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊**



မြန်မာပြည်တွင် ငါးရှဥ့်သားပေါက် ထုတ်လုပ်ရောင်းချခြင်းမရှိသေးပါ။ ငါးရှဥ့်သားပေါက် ခဲတံလုံးအရွယ်များကို ဖမ်းဆီးခြင်း၊ ဖမ်းဆီးသူများထံမှ ပြန်လည်ဝယ်ယူခြင်းဖြင့် စုဆောင်းရမည်။ ပုံတွင်ဖော်ပြထားသော ငါးရှဥ့်အရေအတွက်





(၁၅)ကောင်သည် (၂၀)ကျပ်သားရှိပြီး တစ်ကောင်ပျှမ်းမျှ အလေးချိန်(၁.၃) ကျပ်သားရှိပါသည်။

- **ဖမ်းဆီးရမိသောငါးရှဥ့်အသေးများ၏အားနည်းချက်**

ဖမ်းဆီးရမိသော ငါးရှဥ့်အသေးများသည် နိုင်ငံခြားပို့ကုန်အဖြစ် အသုံးမဝင်သလို ဒေသတွင်းဈေးကွက်မှာလည်း ဈေးကောင်းမရပါ။ အရွယ်မရောက်မီ ဖမ်းဆီးခြင်းခံရသဖြင့် သဘာဝသယံဇာတ ရေရှည်တည်တံ့မှုကိုလည်း ထိခိုက်စေပါသည်။ ငါးရှဥ့်အသေးများ ဖမ်းဆီးခြင်းကို ငါးလုပ်ငန်းဥပဒေအရ တားမြစ်ထားပါသည်။ ပရုပ်၊ မဆလာ၊ ဟင်းခတ်အမွှေးအကြိုင်များသုံး၍ ဖမ်းဆီးလျှင် ငါးရှဥ့်အသေးများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

- **ငါးရှဥ့်သားပေါက်များ စုဆောင်းရာတွင် သတိပြုရမည့်အချက်များ၊**

လွန်ခဲ့သော(၅)ရက်ခန့်ကဖမ်းမိထားသည့်ငါးရှဥ့်သားပေါက်များ၊ အနာပါခြင်း၊ သွေးထွက်နေခြင်း၊ ပရုတ်လုံး၊ မဆလာ၊ ဟင်းခတ်အမွှေးကြိုင်တို့ဖြင့် ဖမ်းဆီးထားသော ငါးရှဥ့်များ၊ အကျိအချွဲကုန်နေသော ငါးရှဥ့်များ၊ ဇလုံထဲသို့ ထည့်ထားစဉ် ဇလုံနှုတ်ခမ်းပေါ်သို့ ခေါင်းထောင်ပြီး မတက်နိုင်သော ငါးရှဥ့်အသေးများ အစရှိသည်တို့ကို ဝယ်ယူမွေးမြူရန် မသင့်





တော်ပါ။

- **ငါးရှဥ့်ထည့်သွင်းမွေးမြူနှုန်းနှင့် ထည့်သွင်းထားသည့်အချိန်ဆောင်ရွက်ရမည့်အချက်များ၊**

အလျား(၆)ပေ၊ အနံ(၃)ပေ ကန်အကျယ်တွင် တစ်ကောင်လျှင် ပျှမ်းမျှ (၁) ကျပ်သားမှ (၁.၃)ကျပ်သားရှိသည့် ကောင်ရေ (၂၀၀)ခန့် ထည့်သွင်းမွေးမြူနိုင်ပြီး သားပေါက်များ တစ်ကြိမ်တည်းမရလျှင် အကြိမ်ကြိမ်ခွဲထည့် မွေးမြူနိုင်ပါသည်။ အရွယ်တူ၊ အလေးချိန်တူထည့်သွင်းနိုင်လျှင်အကောင်းဆုံးဖြစ်ပါသည်။ ကန်အတွင်းငါးရှဥ့်သားပေါက်များ မထည့်မီ ဆေးပြာ(ပိုတက်စီယမ် ပါမင်ဂနိတ်)ဖြင့် ဖျော်ထားသည့် ရေကို ဇလုံတစ်ခုထဲတွင်ထည့်ပြီး ငါးရှဥ့်များအား ဇကာ တစ်ခုထဲသို့ ထည့်ကာ နှစ်လိုက် ပြန်တင်လိုက်ဖြင့် (၂)ကြိမ်မှ(၃)ကြိမ်ခန့် ပြုလုပ်ပြီး ကန်တွင်းသို့ထည့်ပါက ပိုးမွှားရောဂါ ကင်းဝေးစေနိုင်ပါ သည်။

- **အစာကျွေးသည့်နည်း၊ ပုံစံနှင့်ကျွေးရမည့်နှုန်း**

သဘာဝအရ ငါးရှဥ့်သည် တီကောင်၊ ခရု၊ ကျောရိုးမဲ့အင်းဆက်ပိုးများကိုကြိုက်နှစ်သက်ပါသည်။ ကိုယ်တိုင်ဖော်စပ်ကျွေးမည်ဆိုက ပညာရှင်များဖြင့်တိုင်ပင်၍ကျွေးမွေးခြင်းက ပိုမိုကောင်းမွန်ပြီးအသားဓါတ်ပါသောငါးနုတ် ၊ ငါးဖွဲများဖြင့် အဓိကဖော်စပ်ရပါမည်။ စက်ရုံထုတ်သိပ်ပွနည်းကျ အသင့်ကျွေးအစာများလည်းကျွေးနိုင်ပါသည်။ ငါးရှဥ့်သည်အမှောင်ကို ကြိုက်နှစ်သက်သဖြင့် ညအချိန်မှအစာကျွေးရမည်ဖြစ်ပြီး စုစု

ပေါင်းအလေးချိန်၏ (၄) မှ(၆)%အား တစ်ရက်တစ်ကြိမ် ကျွေး နိုင်ပါသည်။ အစာများကို ဝါးဇကာဖြင့် ထည့်ကျွေးရမည် ဖြစ် ပြီး ရေထုတ်ပေါက်ဘက်






မြေလွှာပုံမရှိသော အပိုင်း မှာကျွေး ရပါမည်။ အစာဇမ်း (ဝါးဇကာ)ကိုကြိုးဖြင့် အောက် ခြေမှ(၆)လက်မခန့် ခွာ၍ချိတ်ဆွဲထားရမည်။

- **ငါးရှဉ့်ကန်ထိန်းသိမ်းစောက်ရှောက်ခြင်း၊**

ငါးရှဉ့်ကန်အတွင်းဗေဒါကိုကန်အပြည့်ထည့်ပေးပါ။ ရေကို (၂)ရက်တစ်ကြိမ်လဲလှယ်ပေးရန်လိုအပ်သည်။ အစာကိုဇန်းဖြင့်လည်းကောင်း၊ အထုပ်ဖြင့်လည်းကောင်း ကျွေးနိုင်ပါသည်။ တစ်လလျှင်တစ်ကြိမ် အလေးချိန်ကို ပြန်စစ်ဆေးပါ။

- **လစဉ်အစာတွက်ချက်ခြင်းနမူနာ။**

| လ | ထည့်သွင်းသည့် ကောင်ရေ | တစ်ကောင် ပျှမ်းမျှ အလေးချိန် (ကျပ်သား) | အစာ ကျွေး နှုန်း (%) | တစ်နေ့ ကျွေးရ မည့်အစာ (ကျပ် သား) | တစ်လ ကျွေးရ မည့်အစာ (ပိဿာ) |
|---|---|---|---|---|---|
| ပထမ လ | ၂၀၀ | ၁.၂၅ | ၆ | ၁၅ | ၄.၅၀ |
| ဒုတိယ လ | ၂၀၀ | ၁.၅ | ၆ | ၁၈ | ၅.၄၀ |
| တတိယ လ | ၂၀၀ | ၂ | ၆ | ၂၄ | ၇.၂၀ |

- **စျေးကွက်ဝင်ငါးရှဉ့်များကိုပြန်လည်ဖမ်းဆီးခြင်း၊**

ရောင်းတန်းဝင်အရွယ်အစားဖြစ်ပြီး ဖမ်းဆီးသည့် အချိန်တွင် ငါးရှဉ့်စျေးကောင်းနေပါက ပိုမိုတွက်ချေကိုက်နိုင်ပါသည်။ မြန်မာပြည်တွင်ငါးရှဉ့်စျေးကောင်းသောကာလမှာ ဇန်နဝါရီနှင့်ဖေဖေါ်ဝါရီလများဖြစ်ကြပါသည်။ ဖမ်းဆီးရာတွင် ကန်ပြောင်ဖေါ်ထုတ်ဖမ်းဆီးခြင်းနှင့်စျေး ကွက်ဝင်အရွယ်များကိုသာရွေးချယ်ပြီး ပြန်လည်ဖမ်းဆီးခြင်းတို့ ဖြစ်ကြပါသည်။ ထိုသို့ဖမ်းဆီးခြင်းများမှာ စတင်မွေးမြူသည့် အရွယ်အစား၊ အရေအတွက်၊ တပြိုင်တည်းရရှိမှု၊မရရှိမှုတို့ပေါ်တွင်မူတည်သွားပါသည်။ မည်သည့်နည်းဖြင့်ဖမ်းဆီးရောင်းချသည်ဖြစ်စေ ဖမ်းဆီးလိုက်သည့် အကောင်အရေအတွက်တို့ကို သေချာစွာမှတ်တမ်းတင်ထားပါက ရှင်သန်နှုန်းကိုလည်း တိကျစွာ သိရှိနိုင်ပါမည်။

- **ဒေသတွင်းငါးရှဉ့်ရောင်းဝယ်ချိတ်ဆက်ခြင်းနှင့်နိုင်ငံခြားသို့တင်ပို့ခြင်း၊**

မြန်မာနိုင်ငံတွင်း ငါးရှဉ့်ကုန်စည်စီးဆင်းမှု အများဆုံးတွေ့ရသည့်အခြေအနေကို အောက်ဖေါ်ပြပါပုံတွင် လေ့လာသိရှိနိုင်ပါသည်။




ငါးရှဉ့်သည် ပြည်ပနိုင်ငံများသို့တင်ပို့နေသည့် သဘာဝထွက်ကုန်တစ်ခု ဖြစ်သည်နှင့်အညီ အထက်ဖေါ်ပြခဲ့ပြီးသော ၎င်းနှင့်သက်ဆိုင်သည့် အခြေခံသိကောင်းစရာများအား ကျေးလက်နေပြည်သူများအနေဖြင့် စတင်လေ့လာသိရှိခွင့်ရမည်ဖြစ်ပြီး ထိုမှတဆင့် အဆင့်မြင့်နည်း ပညာဇဟုသုတများအား လေ့လာစည်းပူးသွားကာကိုယ်တိုင်ထုတ်လုပ်သူများအဖြစ်သို့ ပြောင်းလဲကျင့်သုံးသွားနိုင်ရန်အတွက် ယခုဆောင်းပါးတိုအား ရေးသားမျှဝေလိုက်ရပါသည်။ ■

*ရေးသားပြုစုသူ -*

*စိုးမင်းဦး (Management Plan Coordinator, GoMP)*

# လှည့်ပတ်ရန်ပုံငွေမှတဆင့် ချေးငွေရရှိပြီး လုပ်ငန်းအောင်မြင်စွာ အကောင်အထည်ဖော် နိုင်သူတစ်ဦး



ကျေးရွာလှည့်ပတ်ရန်ပုံငွေမှ ချေးငွေရရှိပြီး စိတ်ကူးထားသည့်လုပ်ငန်းအား အမှန်တကယ် အကောင်ထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းအောင်မြင်၍ စီးပွားရေးအဆင်ပြေလာသူတစ်ဦးမှာ ဒေါ်ခင်ကြည် ဆိုသူဖြစ်ပါသည်။ ဒေါ်ခင်ကြည်သည် မွန်ပြည်နယ် ၊ ပေါင်မြို့နယ်၊ တပ်မှူးချောင်အုပ်စု၊ ဘိုင်လောင်းကျေးရွာတွင် နေထိုင်သူဖြစ်ပါသည်။ သူမသည် မိမိကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီထံတွင် ရေလုပ်သားအဖွဲ့ဝင်တစ်ယောက်အဖြစ် ပါဝင်ခဲ့ပြီးအဖွဲ့မှ ထုတ်ချေးသော ချေးငွေအားရရှိပြီးနောက် လုပ်ငန်းအကောင်ထည်ဖော် ဆောင်ရွက်ဖြစ်ခဲ့ရာမှ မိသားစုလုပ်ငန်းအဆင်ပြေသွားသူဖြစ်ပါသည်။

ဒေါ်ခင်ကြည်သည် သားသမီး (၉)ဦးရှိပြီး အိမ်ထောင်ဦးစီးမှာ ဦးအုန်းငွေဖြစ်ပါသည်။ ယခင်က သာမန် ကုန်စုံဆိုင်လေးနှင့် တစ်ခါတစ်ရံ ပင်လယ်ထွက်ငါးဖမ်းခြင်း လုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေးကို ရုန်းကန်ကျော်လွှား နေရသူဖြစ်ပါသည်။ သားသမီးများတွင် လက်ရှိအလယ်တန်း နှင့် မူလတန်း ကျောင်းတက်နေသည့်  ကျောင်းသား(၂)ဦး ရှိပါသည်။ မိသားစုစားဝတ်နေရေးအတွက် လက်ရှိအလုပ်လေးမှာ ပြေလည်သလောက်သာရှိခဲ့ပါသည်။ အခြားလုပ်ငန်း ဆက်လက်အကောင်ထည်ဖော်နိုင်ရန်နှင့် တိုးချဲ့နိုင်ရန် ရင်းနှီးငွေမရှိခဲ့ပါ။ အခြားသော ပြင်ပမှချေးငွေရရှိနိုင်မှုတို့မှာလည်း အတိုးနှုန်းများခြင်း၊ ချေးငွေရရှိရန် အကန့်အသတ်ရှိခြင်းတို့ကြောင့် ပြန်ဆပ်ရန် အခက်အခဲဖြစ်မည်စိုးသည့်အတွက် ချေးငွေမယူခဲ့ပါ။ ၎င်းနောက် ကျေးရွာတွင် လာရောက်အကောင် ထည်ဖော်သော မုတ္တမပင်လယ်ကွေ့စီမံကိန်းမှ ကျေးရွာတွင် အဖွဲ့များဖွဲ့စည်းပေးခဲ့ပြီး အဖွဲ့ပိုင်ရန်ပုံငွေရရှိရန်နှင့် ကျေးရွာ အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သူမသည် ပူးပေါင်းပါဝင်ခဲ့ပြီး အဖွဲ့ဝင်ကြေးနှင့်လစဉ်စုငွေများအား အဖွဲ့ ခေါင်းဆောင်များထံတွင် စုဆောင်း၍ အသင်းသားတစ်ယောက်အဖြစ် ဒေါ်ခင်ကြည် တစ်ယောက်ပါဝင်ခဲ့ပါသည်။ ကျေးရွာဖွံ့ ဖြိုးရေးကော်မတီအား စီမံကိန်းမှ လှည့်ပတ်ရန်ပုံငွေစနစ်တစ်ရပ် ထူထောင်ပေးခဲ့ရာမှ  ဒေါ်ခင်ကြည်သည် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သောကြောင့် ကျေးရွာဖွံ့ဖြိုးရေးတွင် အတိုးနှုန်းသက်သာ စွာဖြင့် အလွယ်တကူချေးယူရရှိခဲ့ပြီး ချေးငွေ (၅၀၀၀၀၀)ငါးသိန်း ကျပ်တိတိချေးယူရရှိခဲ့ပါသည်။ အဆိုပါရရှိခဲ့သောချေးငွေ မှ မိမိစုဆောင်းထားသောငွေနှင့်စုပေါင်း၍ အရင်းအနှီး (၁၀)သိန်း ကျပ်ကုန်ကျသည့် ကူးတို့စက်လှေတစ်ခု ရင်းနှီးလုပ် ဆောင်ခဲ့ပါသည်။ ထိုသို့အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ရာမှ နေ့စဉ်နှင့် လစဉ်ပုံမှန်ဝင်ငွေများရရှိခဲ့ပါသည်။ အပိုဝင်ငွေရရှိ လာခဲ့သည့်အတွက် လက်ရှိကုန်စုံဆိုင်အား ပိုမိုတိုးချဲ့နိုင်ခဲ့ပါ သည်။ ချေးယူထားသောချေးငွေမှာလည်း အတိုးနှုန်းမှာ (၂) ကျပ်တိုးဖြစ်သည့်အတွက်ပုံမှန်အဆင်ပြေစွာ ပြန်လည်ပေးဆပ်နိုင်ခဲ့သည့်အပြင် စဉ်ဆက်မပြတ်ချေးငွေများ ပုံမှန်ရယူ၍ ကူးတို့စက်လှေအား ပြန်လည်ပြုပြင်ခြင်းများ၊ထိန်းသိမ်းခြင်းများ လစဉ်လုပ်ဆောင်နိုင်လာခဲ့ပါသည်။ ထိုလုပ်ငန်းမှ တဖြည်းဖြည်း လုပ်ငန်းအောင်မြင်လာသည့်အတွက် ထပ်မံပြီးလှေတစ်စင်းပြုလုပ်ခဲ့ပြီး ကူးတို့လှေ (၂)စီးဖြင့် ပုံမှန်လုပ်ဆောင်နိုင်ခဲ့ပါသည်။ မိသားစုဝင်များသည့်အတွက် ပြင်ပမှအငှားခေါ်ယူစရာ မလိုဘဲ မိသားစုအတွင်း အလုပ်အကိုင်ရရှိစေခဲ့ပါသည်။

ဒေါ်ခင်ကြည်သည် ထိုသို့လှည့်ပတ်ရန်ပုံငွေမှတဆင့်ချေးငွေရရှိခဲ့ပြီး လုပ်ငန်းစတင်အကောင်ထည်ဖော်ရာမှ ယခုလက်ရှိအချိန်တွင် ကူးတို့လှေ (၂)စီးပိုင်ဆိုင်ပြီး အဆိုပါ ကူးတို့လှေလုပ်ငန်းမှ မိုးတွင်းဘက်တွင် တစ်နေ့လျှင်ပုံမှန် ၁၀၀၀၀ ကျပ်ရရှိနေပြီးကျန်အချိန်များတွင် နေ့စဉ်ပုံမှန် ၅၀၀၀ ကျပ်ခန့်အထိ ရရှိခဲ့ပါသည်။ ထိုမှအပိုရရှိသောဝင်ငွေများမှတဆင့် ကျောင်းသား (၂)ဦးအား ကောင်းမွန်စွာကျောင်းထားပေး နိုင်ခဲ့ပါသည်။ ကုန်စုံဆိုင်လည်း မပျောက်ပျက်ဘဲ အရင်းစိုက် ထည့်၍ မြေနုကျွန်းမှရရှိ ထားသော လယ်မြေအားလည်း တာတမံပတ်နိုင်ခဲ့ပြီး ငါးရိုင်းများ မွေးမြူသည့်လုပ်ငန်းများအား ဆက်လက်အကောင်ထည်ဖော်လုပ်ဆောင်လာနိုင်ပြီး စီးပွားရေးအောင်မြင်ခဲ့ပါသည်။ ■

***ရေးသားပြုစုသူ*** *- သန်းထိုက် (CFM/GoMP)*

# သောက်ရေသန့်အခက်အခဲဖြစ်သည့်ကျေးရွာများတွင်ရေသန့်စင်စက်များဆောက်လုပ်ပေးခြင်း



*Photo © Aar Kar Kyaw Tun—ဘီးလင်းမြို့နယ်၊ သိမ်ချောင်းကျေးရွာရှိ ရေသန့်စင်စက်ရုံတွင် ကျေးရွာလူငယ်များ သောက်ရေရယူနေစဉ်။*

မြန်မာနိုင်ငံ၏ မုတ္တမပင်လယ်ကွေ့ဒေသမှ ကျေးရွာများသည် မြေပြင်အနေအထားအရ ရေချိုရရှိမှု အခက်အခဲများစွာရှိနေပါသည်။ ဒေသခံလူထုကမူ ရေချိုသိုလှောင်ရာတွင် မြေသားကန်ကို အသုံးပြုလျှက်ရှိနေပါသည်။ သဘာဝအတိုင်း သိုလှောင်ထားသည့်ရေကို သောက်ရေအဖြစ် အသုံးပြုကြသည့်အခါသန့်ရှင်းမှုမရှိသည့်အပြင်ကျန်းမာရေးအတွက်လည်း အထောက်အကူမဖြစ်သောကြောင့် သေခံလူထု၏လူနေမှုဘဝမြင့်မားလာစေရန်၊ ကျန်းမာရေးနှင့်ညီသော သောက်ရေရရှိရန်၊ ရေချိုဂေဟာစနစ်ကို ကောင်းမွန်စွာရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် မုတ္တမပင်လယ်ကွေ့စီမံချက်၏ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ(WASH Sector)မှ ကျေးရွာသုံး ခေတ်မီရေသန့်စင်စက်ရုံများတည်ဆောက်ခဲ့ပါသည်။ တည်ဆောက်ပေးသောရေသန့် စက်ရုံမှရရှိလာသည့်ရေသည် မြို့ပြနေလူထုနေ့စဉ်သောက်သုံးနေကြသည့် သောက်ရေသန့်များကဲ့သို့ သန့်ရှင်းကြည်လင်နေပြီး သောက်သည့်အခါ အဆင်ပြေသည့်အတွက် ကျေးရွာနေလူထုမှ ဝမ်းသာကျေနပ်စွာသောက်သုံးကြသည်ကိုလည်းတွေ့ရပါသည်။ *“အရင် ရေသန့်စက်မရှိခင်က သောက်ရေရှာသုံးရေပါ ကန်ထဲကခပ်ယူရတယ်၊ သောက်ရေအတွက် ကန်ထဲကရေကို ရေစစ်နဲ့ စစ်ထည့်တယ်၊ ပြီးတော့ သောက်ရေအိုးထဲထည့်ပြီး ရေကြည်ဖို့တစ်ရက်လောက်စောင့်ရတယ်၊ အခုရေသန့်စက်ကထုတ်လိုက်တဲ့ရေကတော့သောက်ရေသန့် ဖြစ်တဲ့ အတွက် အရင်ကနဲ့သိသိသာသာ ကွာခြားမှုရှိတယ်၊သောက်လို့လည်းအဆင်ပြေတယ်၊ရွာသားတွေကလည်း ကန်ထဲကရေကိုပြန်လည်သန့်စင်တဲ့အခါအရင်ကပုံမှန်သောက်ရေလိုပဲထင်ခဲ့ကြပေမယ့် တကယ်လက်တွေ့အသုံးပြုတဲ့အခါ အရင်ကနဲ့လုံးဝကွဲပြားတဲ့ သောက်ရေသန့်မျိုး ရရှိတယ်လို့ လက်ခံလာကြတယ် ဆက်လက်အသုံးပြုဖို့လည်းရှိပါတယ်”* လို့ သိမ်ချောင်းကျေးရွာက ကိုသန့်ဇင်ဦးက သူ့ရဲ့အမြင်ကိုပြောပြပါသည်။ အဆိုပါရေသန့်စက်ရုံတွေကို မုတ္တမပင်လယ်ကွေ့စီမံချက်က ဆွစ်ဇာလန်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC)၏ရံပုံငွေဖြင့် တည်ဆောက်ပေးခဲ့တာဖြစ်ပြီးစက်ရုံတစ်ရုံလျှင် ပျှမ်းမျှကျပ်သိန်းပေါင်း(၄၀၀)ဝန်းကျင်ကုန်ကျခဲ့ပါသည်။မုတ္တမပင်လယ်ကွေ့ဒေသအတွင်းရှိစီမံကိန်းဝင်ကျေးရွာများထဲမှ မွန်ပြည်နယ်တွင် သိမ်ချောင်းကျေးရွာ၊ ခဝါချောင်းကျေးရွာ၊ကိုးတဲစုကျေးရွာတို့မှာ တည်ဆောက်ပြီးစီးခဲ့ပြီး ပဲခူးတိုင်းရှိ ခလပ်စုကျေးရွာတွင်လည်းရေသန့်စက်ရုံတည်ဆောက်ရန် လျာထားသည်ဟုသိရပါသည်။ ■

*ရေးသားပြုစုသူ -*
*အာကာကျော်ထွန်း (KMCA, GoMP)*